
ဆုမြတ်ပွန်ပွန်
နှလုံးသားတစ်ခုအရင်းပြု၍
NYI NYI

# (၁)

ကာဂျိုးဟာ ကိုယ့်ရှေ့မှာ တရှုပ်ရှုပ်နှင့် ငိုနေသော နှင်းစုကိုကြည့်ကာ စိတ်ပျက်လက်ပျက်နှင့် ကိုယ်ပါ ရောငိုချင်စိတ် ပေါက်လာပါသည်။ ကိုယ့်ထက်ကြီးသော ကိုယ့်အစ်မမို့ ပြောဆိုရိုက်နှက် ပစ်လို့ ကလည်း မရ။ အားပေးနှစ်သိမ့်ဖို့ ကျတော့လည်း ကိုယ်တောင် ယဲ့ယဲ့ရှိတော့တာမို့ ဖြစ်လည်း မဖြစ်နိုင်။ နင့်မိုက်ပြစ်ဒဏ်ကို နင့်ဘာသာ နင်ခံဆိုပြီး ပစ်ထားခဲ့ရအောင်လည်း အဲလောက် ဥပေက္ခာတရားက မရှိလေရာ မထွေးနိုင် မအန်နိုင်ဖြစ်မှုသည် ကာဂျိုးဘဝတွင် ဒါ ပထမဦးဆုံးတည်း။

ဦးနှောက်ဉာဏ်မရှိ လိုက်လေခြင်း ဟု သာ အထပ်ထပ်အခါခါ ရေရွတ်လျက် နှုတ်ဖျားကတော့ဖြင့် ဘာမှ မပြောနိုင်တော့။ တကယ်လည်း နှင်းစုဟာ ဦးနှောက်ဉာဏ်နည်းတာပင်။ ကိုယ့်ထက်ကြီးသော အစ်မပင်ဖြစ်လင့်ကစား လှဖို့ ပဖို့ ပျော်ဖို့ ပါးဖို့ လောက်က လွဲ၍ ကျန်တာ စိတ်မဝင်စားခဲ့။ ညီမဖြစ်သော ကာဂျိုးကသာ ဟိုနေရာဆိုလည်း ကိုယ်ပါ၊ ဒီနေရာဆိုလည်း ကိုယ်ပါနှင့် နေရာတကာ ဂျိုကာတစ်ကောင်ပမာ အသုံးကျခဲ့ရတာ။ မိဘတွေက ကာဂျိုး ဆယ်နှစ်သမီးနှင့် နှင်းစု ဆယ့်နှစ်နှစ်သမီးလောက်မှာ ဆုံးပါးသွားခဲ့ရာ အဒေါ်ဖြစ်သူ၏ ပြုစုစောင့်ရှောက်မှုများ ထဲမှာ ကာဂျိုးတို့ ညီမနှစ်ယောက် လူဖြစ်လာခဲ့ရခြင်းပင် ဖြစ်လေသည် ။ ဖေဖေနှင့်မေမေ ချန်ထားရစ်ခဲ့သော အမွေအနှစ်များ စွာနှင့် လက်ရှိ စီးပွားရေးလုပ်ငန်းများကို အန်တီမြင့်က ဦးစီးရင်း ကာဂျိုးတို့

ဘဝဟာ မိဘမရှိသည် မှ လွဲ၍ အားလုံး ပြည့်စုံခဲ့သည် ဟု ပြောရပါမည် ။

နဂိုရုပ်ရည်လေးကလည်း ရှိ၊ အလှအပကလည်း ဝါသနာပါ၊ ပြင်တတ်ဆင်တတ်နှင့် ပေါင်းလိုက်သောအခါ နှင်းစုသီတာဆိုသော ကာဂျိုးရဲ့ အစ်မဟာ ယောကျ်ားလေးတိုင်းရဲ့ ပါးစပ်ဖျားမှာ သတင်းမွှေးခဲ့တာပင်။ သို့သော် မာနကလည်း ကြီးပြန်သေးသော နှင်းစုဟာ ဘယ်သူ့ကိုမှ လက်သင့်မခံခဲ့တာမို့ ကာဂျိုး တစ်မျိုး စိတ်အေးခဲ့ရတာပင်။ ကာဂျိုးကတော့ အလှအပလည်း စိတ်မဝင်စား၊ စားဖို့ အိပ်ဖို့ လောက်သာ စိတ်ဝင်စားသော ပေါက်ကျော်မတစ်ယောက်မို့ ကာဂျိုးအနား ကပ်မဲ့သူလည်း မရှိ၊ ကိုယ့်အိမ်မှာ က ယောကျ်ားသားရယ်လို့ စိတ်ချရတဲ့ ဦးခမ်းလုံကြီးပဲ ရှိလေရာ ကာဂျိုးတစ်ယောက်ဟာ ကားပြင်လည်း ပါ၊ ကုန်ကားဆိုရင်လည်း တက်မောင်း၊ ဖေဖေငယ်စဉ်က စီးခဲ့သည့် ဆိုင်ကယ်ကြီးဆိုလည်း တဖုန်းဖုန်း တဒိုင်းဒိုင်းမြည်အောင် တက်စီးလိုစီး၊ စက်ဘီးနှင့်လည်း ဟိုပြေးဒီပြေး နောက်ဆုံး ရထားလုံးလည်း တက်မောင်းလိုမောင်းနှင့် အများက အရှုံးပေးရလောက်အောင် ပွေလီသူတစ်ဦးတည်း။

နှင်းစုက ဖြူဖွေးဥနှစ်နေသော ပုလဲလုံးလေးနှင့် တူသလောက် ကာဂျိုးကတော့ အကြောင်းမသိလျှင် မွေးစားသမီးလား မှတ်ထင်ရသည့် အိန္ဒိယမျက်နှာပေါက်နှင့် သွားဆင်နေပါသည် ။ မျက်လုံးပြူးပြူး၊ နှာခေါင်းချွန်ချွန်နှင့် ရယ်လိုက်လျှင် သွားဖြူဖြူလေးတွေ ထင်းခနဲ ပေါ်သွားတတ်သည့် ကာဂျိုးတစ်ယောက်သည် Form တွေ ဘာတွေဖြည့်၍ ဗမာ၊ ဗုဒ္ဓဆိုလျှင် တချို့က မယုံသင်္ကာနှင့် ကြည့်သည် ကို ရင်ဆိုင်ရတတ်သေးသည် ။ နှင်းစုက ကာဂျိုးထက်အရင် မန္တလေးတက္ကသိုလ်ကို ရောက်ကာ ဘွဲ့အရင် ရပါသည် ။ ကာဂျိုးက ကွန်ပျူတာတက္ကသိုလ် ရသည် မို့ နောက်ဆုံးနှစ် ဖြေအပြီး ပြန်လာစဉ်မှာ ပင် နှင်းစုက ခရီးရောက်မဆိုက် ကာဂျိုး

ရင်ဝကို ဆီးကန်မည့်စကားနှင့် ရင်ဖွင့်တော့တာပင်။

"နှင်းစုရယ်.. မိုက်လိုက်တာဟယ်.. ကဲ.. ပြောပါဦး နင့်လူက ဘယ်သူလဲ.. နင်တို့ ဖြစ်တာရော ကြာပြီလား"

"မနှစ်က စဖြစ်တာ.. တစ်နှစ်ကျော်ပြီ.."

"သူက ဘယ်သူလဲ..."

"သူက ဒီမြို့က မဟုတ်ဘူး .. ရန်ကုန်က..."

"ဘာ.. ရန်ကုန်က ရန်ကုန်နဲ့ ပြင်ဦးလွင် ဘယ်လိုတွေ့ကြတာလဲ..."

"သူက ဒီကို အလုပ်ကိစ္စနဲ့ လာတာ.. အဲဒီမှာ ငါနဲ့ တွေ့တာ"

"တောက်.. နှင်းစုရယ်.. ငါ နင့်ကိုသာ သတ်ပစ်ချင်တော့တာပဲ... နင် အသုံးမကျလို့ ခုလိုဖြစ်တာ နင့်လူဆီ ဆက်သွယ်ပြီးပြီလား.. ပြောပြလေ .. သူလုပ်ထားတဲ့ ကိစ္စ သူ တာဝန်ယူရဲ့ရမှာ ပေါ့..."

နှင်းစုက စကားဆက်မပြောတော့ဘဲ တဟီးဟီး ငိုချလိုက်ပါသည် ။ ပြီးတော့မှ ...

"ငါ အဲဒါတွေကို စဉ်းစားလို့ မရတော့ဘူး... သူက ပြီးခဲ့တဲ့ နှစ်လ လောက်ထဲက နိုင်ငံခြားကို ထွက်သွားပြီ.. အဟင့်.. ဟင့်.. ဘယ်လို ဆက် သွယ်ရမှာ လဲဟ..."

ကာဂျိုးသည် စကားပင် ဆက်မပြောနိုင်တော့အောင်ပင် ပါးစပ်အ ဟောင်းသား ပွင့်သွားရကာ တော်တော်နှင့် ပြန်မပိတ်တော့ချေ။ နှင်းစု ကိုသာ ယူကျုံးမရခြင်းများ စွာဖြင့် ငေးကြည့်ကာ ကိုယ်ပါ ရောငိုချင် စိတ်ကို မနည်းမျိုသိပ်ထားလိုက်ရပါသည် ။ ကာဂျိုး ငိုလို့ ဘယ်ဖြစ်ပါ့မ လဲလေ။ ဒီအချိန်မှာ နှင်းစုက သူ့ဝေဒနာနှင့် သူ့အပူနှင့်။ ဘာကိုမှ စဉ်း

စားရွေးချယ်နိုင်မှာ မဟုတ်။ ကာဂျိုးကသာ ခေါင်းအေးအေးထားလျက် နှင်းစုအတွက် အင်း နှင်းစုရဲ့ ဗိုက်ထဲကဟာလေးအတွက် စဉ်းစားပေးရမှာ ဖြစ်လေသည် ။

" မဟုတ်ဘူး လေ.. သူ့လိပ်စာတွေဘာတွေ နင့်မှာ ရှိမှာ ပေ့ါ.. အဲဒါ သူ့ဆီ ဆက်သွယ်ပြီး အကြောင်းကြားပေ့ါ.. သူပြန်လာဖို့ ခေါ်ပေ့ါ.. မဟုတ်ဘူး လား.. နင့်ကို သူတကယ်ချစ်ရင် နင်အရှက်တကွဲဖြစ်မဲ့ကိစ္စမျိုး သူမလုပ်လောက်ပါဘူး..."

"ငါ.. အားလုံးစဉ်းစားပြီးပြီ.. မဖြစ်နိုင်ဘူး... သူက ပြန်လာလို့ မရဘူးဟ.. ဟိုမှာ စာချုပ်နဲ့ နှစ်ပြည့်အောင် နေရမှာ .. ပြီးတော့ ငါ့ကိုပြောသွားတယ်.. သူ ဟိုက အပြီးပြန်လာမှ လက်ထပ်မယ်တဲ့ .. လာတောင်းလိုက်မယ်တဲ့ .. အခု သူ့ကိုငါ ပြန်ခေါ်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဟယ်.. သူလည်း ပြန်လာလို့ မရဘူး..."

"သေပါတော့ နှင်းစုရယ်.. နင် သိပ်မိုက်လှချည်လားဟင် ငါ့အစ်မတော်လှတော်လှနဲ့ ဖြစ်မဲ့ဖြစ်တော့လည်း အရှက်တကွဲဖြစ်ရမယ့် ကိစ္စမျိုးပါလား.. ခေတ်ပညာတတ် မိန်းမတစ်ယောက် လုပ်နေပြီး နင် ဒီလောက် ညံ့ရလားဟယ်"

နှင်းစုကတော့ ဘာစကားမှ မပြောနိုင်တော့ဘဲ ကာဂျိုးပြောသမျှ ခေါင်းငုံ့ခံဖို့ ဆုံးဖြတ်ပြီး ဖြစ်လေသည် ။ ကိုယ့်ထက်စာရင် ကာဂျိုးကနားလည် သိမြင်တတ်သော သူတစ်ဦးမို့ ကာဂျိုးဆီက အကြံဉာဏ်သည်သာ အကောင်းဆုံးဖြစ်မည်ဟု မျှော်လင့်မိပါသည် ။ ကာဂျိုးက ငယ်စဉ်ကတည်းကမှ နှင်းစုလိုမဟုတ်ဘဲ နေရာတကာ ဖင်ပေ့ါပေ့ါနှင့် အနစ်နာခံတတ်သော သူတစ်ဦးမို့ အန်တီမြိုင်ကလည်း ကာဂျိုးကို ပိုအားကိုးပါသည် ။ နှင်းစုကတော့ မွေးကတည်းက ချူချာတာနှင့်မို့ အန်တီမြိုင်ရော

ကာဂျိုးကပါ နှင်းစုကိုဆို အလိုလိုက်ထားကြပါသည် ။

အခုတော့ အလိုလိုက်ထားမှုကို အခွင့်ကောင်းယူကာ နှင်းစု မိုက်ခဲ့ပါသည် ။ ဘယ်သူမပြု မိမိမှုမို့ 'ကို့'ကိုလည်း နှင်းစု အပြစ်မတင်ချင်တော့။ ကိုက နှင်းစုကို တကယ်ချစ်မှန်း နှင်းစု သိပါသည် ။ ဒီလိုအခြေအနေမှာကို ဘယ်နည်းနဲ့ မှ ပြန်လာဖို့ မဖြစ်နိုင်တာကိုလည်း နှင်းစုက သဘောပေါက်လေရာ ကို့ကို စိတ်ညစ်စေမည့် နောက်ဆံတင်းစေမည့် အကြောင်းအရာတွေကိုလည်း မသိစေချင်တော့။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နှင်းစုရဲ့ မေတ္တာတွေ စစ်မှန်လျှင် ကိုနှင့် သာယာချမ်းမြေ့သော ဘဝတစ်ခုကို တည်ထောင်နိုင်လိမ့်မည်ဟု နှင်းစုက ယုံကြည်လေသည် ။

ကာဂျိုးက နှင်းစုကို ဆို့နင့်စွာ ကြည့်ပေးလျက် "ဒါဆို ဘာလုပ်မှာလဲ နှင်းစုရဲ့ .. နင့်လူနဲ့ ပတ်သက်ပြီး အာမခံနိုင်တာ နင်ရှိလို့ လား…"

"ငါနဲ့ ကို လက်ထပ်ထားတယ်.. ကို ပြန်ရောက်လာတဲ့ အထိ ဒီကလေးကို ငါ ပြုစုစောင့်ရှောက်ရင်း စောင့်မယ်"

"နင့်မှာ လက်ထပ်စာချုပ်ရှိတယ်ပေါ့…"

နှင်းစုက ခေါင်းညိတ်ပြသည် ။ ကာဂျိုးက တော်ပါသေးရဲ့ ဆိုသော အတွေးကို တွေးလိုက်ရင်း ကလေးမွေးဖို့ ဆုံးဖြတ်ချက် ယတိပြတ် ချထားဟန်တူသော နှင်းစုကို မသက်မသာ ကြည့်လိုက်ရင်းမှ ..

"ပြင်ဦးလွင်မှာ တစ်သက်လုံး လူလေးစား အထင်ကြီးပြီး နေလာခဲ့တဲ့ အန်တီမြိုင်ရော.. ဆုံးသွားတဲ့ မိဘတွေရဲ့ မျက်နှာရော နင်မထောက်ထားတော့ဘဲနဲ့ ဒီကလေးကို မွေးတော့မယ်ပေါ့…"

နှင်းစုက တစ်ချက်ရှိုက်လိုက်ရင်းမှ …

"အဲဒါကို ငါ စိတ်ညစ်နေတာပေ့ါဟယ်.. ငါ ဒီကလေးကိုလည်း မဖျက်ချနိုင်ဘူး.. နင်တို့ အန်တီမြိုင်တို့ အရုက်တကွဲ ဖြစ်မှာ မျိုးလည်း ငါ မလိုလားဘူး.. ငါ ဘာလုပ်ရမလဲ ကာဂျိုးရယ် ဟင်..."

ကာဂျိုးက.. ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ရင်း ပြတင်းပေါက်မှ တစ်ဆင့် ဟိုးရှမ်းရိုးမ တောင်တန်းကြီးတွေကို လှမ်းငေးကြည့်လိုက်ပါသည် ။ ဩော် အေးချမ်းသာယာလှတဲ့ ကိုယ့်မြို့လေးကို ပြန်ရောက်လို့ စိတ်အေးချမ်းသာရမလား မှတ်ပါတယ် အပူတွေနှင့်ပါလားနော်။ သွေးဆိုတော့လည်း ကာဂျိုးတစ်ယောက် ပစ်မထားနိုင်တော့ပါ။ နဂိုကမှ ချူချာလှသော နှင်းစုတစ်ယောက် စိတ်ဆင်းရဲဒုက္ခတွေကိုလည်း မရစေချင်တော့ပါ။ နှင်းစုကို ကာဂျိုး စောင့်ရှောက်ရတော့ပါမည်။

"ဒီကလေးကို နင် ရန်ကုန်မှာ သွားမွေးရမယ် နှင်းစု..."

နောက်ပြဿနာ နောက်မှ ရှင်းဖို့ ကြိုးစားကာ လောလောဆယ် အတွင်း အကောင်းဆုံး အခြေအနေကို ကာဂျိုး ရွေးချယ်လိုက်ပါသည် ။

******